ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၉ ခုနှစ်

# ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ရှေ့ပြေးရလဒ်များ

ပြည်သူ့အင်အားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ

# ၂၀၁၉ ခုနှစ်
# ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ရှေ့ပြေးရလဒ်များ

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ

# ဥပဒေသောရေ

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ကောက်ယူနိုင်ခဲ့ပါသည်။ လူဦးရေ သန်းခေါင်စာရင်းကို (၁၀) နှစ် လျှင် တစ်ကြိမ်ကောက်ယူလေ့ရှိရာ ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ် အကြောင်း အရာ သန်းခေါင်စာရင်းကို ပြန်လည်ကောက်ယူရမည် ဖြစ်ပါသည်။ သို့သော် နိုင်ငံအတွင်း၌ ပြောင်းလဲလာသည့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များအား လက်ရှိကာလနှင့် လိုက်လျော ညီထွေရှိပြီး ပိုမိုတိကျသည့် စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်ရန် အတွက် (၅) နှစ်အကြာ ကြားကာလဖြစ်သော ၂၀၁၉ ခုနှစ်တွင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးကို စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

စာရင်းကောက်ယူရသည့် အဓိကရည်ရွယ်ချက်များမှာ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား ကာလရှိ မြန်မာနိုင်ငံ၏ လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အနီးစပ်ဆုံး မှန်ကန်စွာခန့်မှန်းနိုင်ရန်၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာသန်းခေါင်စာရင်း အချက်အလက်များ၏ ပြောင်းလဲမှုများအား နှိုင်းယှဉ်လေ့လာ သုတေသနပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကို အကောင်အထည်ဖော် ရာတွင် လိုအပ်သောအညွှန်းကိန်းများရရှိနိုင်ရန်တို့ ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကောက်ယူရာတွင် ခရိုင်အဆင့် ကိုယ်စားပြုအညွှန်းကိန်းများ ရရှိနိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းကောက်ကွက် ပေါင်း (၃,၉၆၀)၊ အိမ်ထောင်စု (၁၃၂,၀၉၂)၊ လူဦးရေ (၅၄၈,၅၅၃) တို့ကို ကောက်ယူနိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကောက်ယူရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းပေးခဲ့ပြီး စာရင်းကောက်ယူရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးကော်မတီကို အဆင့်ဆင့်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။ စာရင်းကောက်ယူရာ တွင် ခေတ်မီနည်းပညာ Computer-Assisted Personnel Interviewing (CAPI) နည်းစနစ်ကို

အသုံးပြုပြီး Mobile Tablet များနှင့်ကောက်ယူခဲ့ပါသည်။ မြို့နယ်အလိုက် စာရင်းစစ်၊ စာရင်းကောက်များအဖြစ် လူငယ်လူရွယ်များကို ရွေးချယ်ခန့်ထား ကောက်ယူခဲ့ပါသည်။

ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းတွင် လူဦးရေဆိုင်ရာ အချက်အလက်များ၊ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ လုပ်သားအင်အား၊ မသန်စွမ်းမှု၊ သက်ကြီးရွယ်အို၊ ဘဝပျော်ရွှင်မှု၊ အထောက်အပံ့ရရှိမှု၊ အိမ်ထောင်စုများ၏ အိမ်ရာအနေအထားနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ၊ အိမ်ထောင်စုတွင်ရှိသောပစ္စည်းများ၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး မေးခွန်းများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ထည့်သွင်းမေးမြန်းခဲ့သဖြင့် သန်းခေါင်စာရင်းရလဒ်များသည် မိမိတို့ဝန်ကြီးဌာနအတွက်သာမက နိုင်ငံတော်အစိုးရ၏ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရန်လည်းကောင်း၊ လူမှုစီးပွားဘဝ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင်လည်းကောင်း၊ စာရင်းအင်းဆိုင်ရာအညွှန်းကိန်းများ ရရှိနိုင်ရေးအတွက်လည်းကောင်း ထိရောက်စွာအသုံးပြုနိုင်မည်ဟု လေးနက်စွာ ယုံကြည်မျှော်လင့်ပါသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းရလဒ်များကို အဆင့်ဆင့် ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။ ယခုထုတ်ပြန်သည့် ရှေ့ပြေးရလဒ်များသည် ပထမဆုံးအဆင့်ထုတ်ပြန်သည့် အစီရင်ခံစာ ဖြစ်ပါသည်။ လူဦးရေနှင့် အိမ်ထောင်စုများ၏ လူမှုစီးပွားရေးဆိုင်ရာ အသေးစိတ် အချက်အလက်များပါဝင်သည့် ပင်မအစီရင်ခံစာကို ဆက်လက်ထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပင်မအစီရင်ခံစာထုတ်ပြန်နိုင်ရန် မေးခွန်းပေါင်း (၁၁၀) မှ ရရှိ လာသော အချက်အလက်များကို ဆန်းစစ်လေ့လာရာတွင် အချိန်ယူ ဆောင်ရွက်ရပါသဖြင့် လတ်တလော COVID-19 တုန့်ပြန်ရေးလုပ်ငန်းစဉ်များအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက လိုအပ်နေသည့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ရှေ့ပြေးရလဒ်များကို ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။ ၂၀၁၉ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အချက်အလက်များသည် COVID-19 မတိုင်ခင်နှင့် COVID-19 အလွန်ကာလ ပြောင်းလဲမှုများ၊ COVID-19 ၏ နောက်ဆက်တွဲ အကျိုးဆက်များကို ဆန်းစစ်လေ့လာရန်နှင့် ကုစားရေးလုပ်ငန်းစဉ်များကို စနစ်တကျ ပြင်ဆင်နိုင်ရန်များစွာ အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါသည်။

ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးလုပ်ငန်းတွင် ပူးပေါင်းပါဝင်ခဲ့ကြသည့် ဆက်စပ်ဝန်ကြီးဌာနများတို့အားလည်းကောင်း၊ နည်းပညာအပါအဝင် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ပေးခဲ့ကြသည့် UNFPA၊ World Bank ၊ UNICEF ၊ ADB၊ VSO Myanmar တို့အားလည်းကောင်း၊ စာရင်းကောက်ကွက်မြေပုံများရေးဆွဲရာတွင် ခေတ်မီ GIS နည်းပညာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးပေးခဲ့သည့် OneMap Myanmar အားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် မြေပြင်စာရင်းကောက်ယူရာတွင် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသော နေပြည်တော်/ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကိုလည်းကောင်း၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နယ်မြေဒေသအသီးသီးမှ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးအဖွဲ့များကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများကိုလည်းကောင်း၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကို ကြိုတင်ပြင်ဆင်ခြင်းမှစ၍ အစီရင်ခံစာများ ရေးသားထုတ်ပြန်သည်အထိ အဓိကဆောင်ရွက်ခဲ့ကြသည့် ပြည်သူ့အင်အား ဦးစီးဌာနမှ ဝန်ထမ်းများကိုလည်းကောင်း၊ စာရင်းစစ်၊ စာရင်းကောက်များအဖြစ် တာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကိုလည်းကောင်း၊ မေးခွန်းများမေးမြန်းရာတွင် စိတ်ပါဝင်စားစွာ ပူးပေါင်းဖြေဆိုပေးခဲ့ကြသည့် ပြည်သူများအားလုံးကိုလည်းကောင်း အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးသိန်းဆွေ

ပြည်ထောင်စုဝန်ကြီး

အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=5_19771